# အစားအစာ ခံစားခွင့်များနှင့်ဆိုင်သည့် အရေးကြီးသော အပြောင်းအလဲ

## စတင်ချိန်- မတ်လ

**နောက်ခံ**
COVID-19 ကပ်ရောဂါစတင်ချိန်မှစ၍ SNAP အိမ်ထောင်စုများသည် အစားအစာ အကျိုးခံစားခွင့် ပေးချေမှုနှစ်ခုကို လစဉ်လတိုင်း ရရှိခဲ့ပြီးဖြစ်သည်။ ပထမပေးချေမှုမှာ ပုံမှန် SNAP ခံစားခွင့်ဖြစ်ပြီး ဒုတိယပေးချေမှုမှာ COVID-19 အရေးပေါ်အခြေအနေနှင့်ဆိုင်သည့် အရေးပေါ် အစားအစာ အကျိုးခံစားခွင့် (တရားဝင်အရ အရေးပေါ် ခွဲတမ်းများဟု ခေါ်သော) ဖြစ်သည်။

**ဘာတွေ ပြောင်းလဲနေသလဲ။**
ဖေဖော်ဝါရီလ 2023 သည် နောက်ဆုံးလ ဖက်ဒရယ်အစိုးရ ဖြစ်မည်ဖြစ်ပြီး အရေးပေါ် ခွဲတမ်းများကို အော်ရီဂွန်ပြည်နယ်သားများကို ထုတ်ပေးမည်ဖြစ်ပါသည်။ အော်ရီဂွန်ပြည်နယ်သားများသည် ၎င်းတို့၏ ပုံမှန် SNAP အကျိုးခံစားခွင့်ကို ဆက်လက်ရရှိမည်ဖြစ်သည်။ ၎င်းခွဲတမ်းကို ဤအပြောင်းအလဲက သက်ရောက်စေခြင်းမရှိပါ။

**ထပ်ဆောင်း အချက်အလက်**
အရေးပေါ် ခွဲတမ်းပမာဏများသည် အိမ်ထောင်စုအတွင်းရှိ လူဦးရေအပေါ် မူတည်ပြီး ကွဲပြားသော်လည်း အိမ်ထောင်စုအများစုသည် အရေးပေါ် ခွဲတမ်းများကို ဆက်လက်မရရှိတော့သည့်အခါ အစားအစာ အကျိုးခံစားမှုများတွင် သိသာသည့် လျော့ကျမှုကို တွေ့ရှိရမည်ဖြစ်သည်။ Applicant Portal (လျှောက်ထားသူပေါ်တယ်) အကောင့်ရှိသည့် အော်ရီဂွန်ပြည်နယ်သားများသည် SNAP ခံစားခွင့်များ၏ သီးသန့်ပမာဏကို တွေ့ရှိပြီး ၎င်းတို့၏ My Dashboard (ကျွန်ုပ်၏ ဒက်ရှ်ဘုတ်) တွင် ဆက်လက်ရရှိပါမည်။ Applicant Portal (လျှောက်ထားသူပေါ်တယ်) အတွင်း ဤပမာဏကို ကြည့်ရှုရမည့်အဆင့်ဆင့်ကို ဤစာမျက်နှာ၏နောက်ကျောဘက်တွင် ဖော်ပြပါရှိသည်။

အော်ရီဂွန်ပြည်နယ်သားများသည် ၎င်းတို့၏ EBT Edge အကောင့်ကို www.EBTedge.com တွင်လည်း စစ်ဆေးနိုင်ပြီး ၎င်းတို့၏ SNAP ခံစားခွင့်ပမာဏကို လေ့လာသုံးသပ်နိုင်သည်။ ၎င်းသည် ငွေပေးငွေချေမှတ်တမ်းအပိုင်းတွင် ဖော်ပြထားသောလ၏ 1 ရက် နှင့် 9 ရက်အကြားရရှိသည့် ပမာဏဖြစ်သည်။

ဤဆုံးဖြတ်ချက်သည် ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်ဖြစ်သောကြောင့် Oregon Department of Human Services (အော်ရီဂွန်ပြည်နယ် လူမှုဝန်ဆောင်မှုများဌာန) (ODHS) သည် ခံစားခွင့်များအတွင်း လျော့ကျမှုကို ဖြည့်စွက်ပေးနိုင်မည်မဟုတ်ပါ။ အိမ်ထောင်စုများအနေဖြင့် သင့်တော်သလို ဘတ်ဂျက်ရေးဆွဲပြီး ၎င်းတို့၏ ဒေသအရင်းအမြစ်များအား လက်လှမ်းမီအောင် ကြိုးစားရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

| SNAP | အရေးပေါ် ခွဲတမ်း |
| --- | --- |
| ဤပေးချေမှုနှင့်ဆိုင်သည့် အပြောင်းအလဲများမရှိပါ။ SNAP အိမ်ထောင်စုသည် ပြုလုပ်ဆဲ ဤပေးချေမှုကို ဆက်လက်တွေ့မြင်ရပါမည်။ | ဤခွဲတမ်းသည် မတ်လတွင် ပြီးဆုံးပါမည်။ မတ်လတွင် ဤခံစားခွင့်ကို ဖယ်ရှားမည်ဖြစ်ပြီး အစားအစာ စုစုပေါင်း ခံစားခွင့်များအတွင်း လျော့ကျမှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ |
| **ရရှိနိုင်သည့် ရက်စွဲ** လ၏ 1 ရက် နှင့် 9 ရက် အကြား | **ရရှိနိုင်သည့် ရက်စွဲ** လ၏ ၁၁ရက်မြောက်နေ့ သို့မဟုတ် 12 ရက်မြောက်နေ့တွင် ပုံမှန်ပေးချေလေ့ရှိသည် |

သင့်ခံစားခွင့်များနှင့်ပတ်သက်၍ မေးမြန်းလိုသည့်အချက်များရှိလျှင် ONE သုံးစွဲသူဝန်ဆောင်မှုဌာနကို 1-800-699-9075 (711 TTY) မှတဆင့် ခေါ်ဆိုပါ သို့မဟုတ် သင့်ဒေသရုံးတွင် သွားရောက်စုံစမ်းပါ။

အနီးဆုံးရှိရုံးကို ရှာရန် one.oregon.gov/General/LocateAnOffice တွင် သွားရောက်ကြည့်ရှုပါ။

Oregon Department of Human Services

Oregon Health Authority

Oregon ONE eligibility

**Applicant Portal (လျှောက်ထားသူပေါ်တယ်) ရှိ သင့်ပုံမှန် SNAP ခံစားခွင့်များကို ကြည့်ရန်** (သင့်တွင် အကောင့်ရှိပြီးသားဖြစ်လျှင်)

1. **one.oregon.gov** သို့ သွားရောက်ပါ။
2. မျက်နှာပြင်၏ ညာဘက်အပေါ်ထောင့်ရှိ **Sign In (လက်မှတ်ထိုးဝင်ရောက်မည်)**ကို နှိပ်ပါ။
3. သင့်**အသုံးပြုသူအမည်/ အီးမေးလိပ်စာနှင့် စကားဝှက်ကို ရိုက်ထည့်ပါ**
4. **Log In (အကောင့်ဝင်ရောက်မည်)** ကို နှိပ်ပါ။
5. SNAP အတွက် သင့် လစဉ်ခံစားခွင့်ပမာဏကို ရှာပါ။

ဤပမာဏသည် သင့်နောက်ထပ် သက်တမ်းတိုးရက်စွဲမတိုင်မီအထိ လစဉ် ဆက်လက်ရရှိမည့် ပမာဏဖြစ်ပါလိမ့်မည်။




## သင့်နယ်မြေရှိ အကူအညီများနှင့် ပတ်သက်သည့် အချက်အလက်များအတွက် ဆက်သွယ်ရန်-

- 2-1-1 www.211info.org
- Aging and Disability Resource Connection (သက်ကြီးရွယ်အိုနှင့် အိုမင်းမစွမ်းသူများအတွက် အရင်းအမြစ် ဆက်သွယ်မှု) www.adrcoforegon.org/consumersite/index.php
- Oregon Food Bank's Food Finder (အော်ရီဂွန်ပြည်နယ် အစားအစာဘဏ်၏ အစားအစာရှာဖွေရေးကိရိယာ) https://oregonfoodfinder.org/
- Community Action Agency (ရပ်ရွာဒေသ ကူညီပံ့ပိုးရေး အေဂျင်စီ) https://caporegon.org/